## COVID-19 ရောဂါကာကွယ်ဆေးထိုးမှတ်တမ်းအား English Version ဖြင့် c19vc.moh.gov.mm တွင် Online မှတစ်ဆင့်လျှောက်ထားနိုင်ကြောင်းအသိပေးခြင်း

၁။ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြမည့် အလုပ်သမားများသည် သက်ဆိုင်ရာ နိုင်ငံအစိုးရနှင့် အလုပ်ရှင်များ၏ လိုအပ်ချက်များအရ COVID-19 ကာကွယ်ဆေးများ ထိုးထားရန် လိုအပ်ပြီး မြန်မာနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပေးသည့် ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်မှာ မြန်မာဘာသာဖြစ်နေ၍ တရားဝင်ရှေ့နေများထံတွင် နိုင်ငံခြားဘာသာ ပြန်ဆို၍ အလုပ်ရှင်ထံသို့ ပေးပို့ရလျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာ ခရီးသွား လာမှုအတွက် COVID-19 ရောဂါကာကွယ်ဆေးထိုး Electronic မှတ်တမ်းကို English Version ဖြင့် c19vc.moh.gov.mm တွင် Online မှတစ်ဆင့်လျှောက်ထားနိုင်ရန် ဆောင်ရွက်ထားရှိပါသည်။

၂။ လျှောက်ထားရမည့် သတင်းအချက်အလက်၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုအတွက် မည်သည့် မိုဘိုင်းဖုန်း/ တက်ဘလက်နှင့်မဆို အသုံးပြုနိုင်သည့် QR code ပါရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုး Electronic မှတ်တမ်း (COVID-19 Vaccination Electronic Certificate) (English Version) အား Online စနစ်ဖြင့် ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ၇-၄-၂၀၂၂ ရက်နေ့မှစ၍ ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာဖြစ်သည့် c19vc.moh.gov.mm မှတစ်ဆင့် လျှောက်ထားရယူနိုင်ကြောင်း၊

(ခ) Electronic Vaccination Certificate ကို လျှောက်ထားနိုင်သူများမှာ -

(၁) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသူ၊

(၂) ကာကွယ်ဆေးထိုးအချက်အလက်များအား Vaccination Management Information System-VMIS စနစ်တွင် စာရင်းမှတ်တမ်းသွင်းပြီး VMIS စနစ်မှ မြန်မာဘာသာဖြင့် ထုတ်ပေးသည့် QR code, Check ID ပါသည့် ကာကွယ်ဆေးထိုးမှတ်တမ်းရှိသူ။

(ဂ) လျှောက်ထားရာတွင် တင်သွင်းရန် လိုအပ်သည့်အချက်များမှာ-

(၁) အမည်၊

(၂) အဘအမည်၊

(၃) Passport No၊

(၄) VMIS စနစ်မှ မြန်မာဘာသာဖြင့် ထုတ်ပေးသည့် ကာကွယ်ဆေးထိုး မှတ်တမ်းပေါ်ရှိ Check ID (CHK_ID)၊

(၅) ဖုန်းနံပါတ်၊

(၆) Email လိပ်စာ၊

(၇) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (အရှေ့ဘက်)ဓါတ်ပုံ၊

(၈) Passport ၏ Bio data ပါသည့် စာမျက်နှာဓါတ်ပုံ၊

(၉) VMIS မြန်မာဘာသာဆေးထိုးမှတ်တမ်းဓါတ်ပုံ။

(ဃ) အချက်အလက်များဖြည့်သွင်းပြီးပါက mobile payment ဖြင့် လျှောက်ထားသူ တစ်ဦးလျှင်ငွေ ၅,၀၀၀ ကျပ်နှင့် mobile payment အသုံးပြုမှုအတွက် transaction charge ၂၀၀ ကျပ်၊ စုစုပေါင်း ၅,၂၀၀ ကျပ် ပေးသွင်းရမည်ဖြစ်ကြောင်း၊

(င) ငွေပေးချေမှုကို CB Pay, Myanmar Citizen Pay, UAB Pay, KBZ Pay တို့အသုံးပြု၍ ငွေပေးသွင်းနိုင်ကြောင်း၊

(စ) (COVID-19 Vaccination Electronic Certificate) (English Version) အား လျှောက်ထားပြီးနောက် မိမိလက်ဝယ်ရယူနိုင်ရေး ဆောင်ရွက်ရမည့်အချက်များ-

(၁) Vaccination Certificate လျှောက်ထားသူများသည် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းလျှောက်ထားပါက ရုံးဖွင့်ရက် (၅)ရက်အတွင်း COVID-19 Vaccination Electronic Certificate အား c19vc.moh.gov.mm တွင် မိမိကိုယ်တိုင် ရယူနိုင်ပါကြောင်း၊

(၂) ထိုကဲ့သို့ ဆောင်ရွက်ရန် မိမိတို့ စတင်လျှောက်ထားစဉ်က ရရှိသည့် Token Key နှင့် Check ID (CHK_ID) အသုံးပြု၍ ရယူရမည်ဖြစ်ကြောင်း။

၃။ သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် COVID-19 Vaccination Electronic Certificate အား c19vc.moh. gov.mm တွင် မိမိကိုယ်တိုင် လျှောက်ထားရယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။